[illegible]
**Karenni Civil Society Network**

P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com


ဩဂုတ်လ ၁၄၊ ၂၀၂၅ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊
## ဇူလိုင်လ ၁–၃၁ ရက်နေ့ထိ၊၂၀၂၅ ခုနှစ်
## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – ဇွန်လ ၃၀ရက်၊ ၂၀၂၅ | ဇူလိုင်လ ၁ – ၃၁ရက်၊ ၂၀၂၅ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၆၃၆ | ၂၁ | ၆၅၇ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၅၇၄ | ၁ | ၅၇၅ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၈၅၁ | ၄၃ | ၈၉၄ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၇၄ | ၄ | ၁၅၇၈ |
| | ဒီးမော့ဆိုမြို့နယ် | ၆၆၅ | ၇ | ၆၇၂ |
| | မယ်စဲ့မြို့နယ် | ၃၄ | | ၃၄ |
| | ဖယ်ခုံမြို့နယ် | ၇၃၃ | ၂၄ | ၇၅၇ |
| | ဖရူဆိုမြို့နယ် | ၁၅၇ | | ၁၅၇ |
| | ဘောလခဲမြို့နယ် | ၃၄ | | ၃၄ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၆၂ | ၁၄ | ၁၇၆ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| စဉ် | မြို့နယ် | ခန့်မှန်းဦးရေ ဇွန်လ ၃၀ ရက်နေ့ အထိ ၂၀၂၅ | IDPs အသစ် ဇူလိုင်လ ၁-၃၁ ရက်၊ ၂၀၂၅ ခုနှစ် | စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ |
| ၁ | လွိုင်ကော် | ၉၂၃၁၁ | | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | စုစုပေါင်း | ၂၈၂၆၁၅ | | ၂၈၂၆၁၅ |

စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဇူလိုင်လ ၁-၃၁ ရက်နေ့ထိ၊၂၀၂၅ ခုနှစ်



ဖယ်ခုံ၊ လွိုင်ကော်၊ ဒီးမောဆိုနှင့် ဖားဆောင်းမြို့နယ်တွင် စစ်ကောင်စီ လေကြောင်းနှင့် လက်နက်ကြီးတိုက်ခိုက်မှု အရပ်သား ၂၁ ဦးသေဆုံး၊ ၄၃ ဦး ထိခိုက်ဒါဏ်ရာရ

ဇူလိုင်လ ၁ ရက်နေ့ မိုးဗြဲမြို့အား စစ်ကောင်စီတပ်များမှ ပြန်လည်ထိန်းချုပ်ခဲ့ပြီးသည့်နောက် လေကြောင်းနှင့် လက်နက်ကြီးများကို အသုံးပြုပြီး တိုက်ခိုက်ခဲ့သည့်အတွက် ဖယ်ခုံ၊ လွိုင်ကော်၊ ဒီးမော့ဆိုနှင့် ဖားဆောင်းမြို့နယ်တို့မှ အရပ်သား ၂၁ ဦးသေဆုံးကာ ၄၃ ဦး ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့သည်။ စစ်ကောင်စီတပ်များသည် ကရင်နီပြည်မြောက်ပိုင်း သယ်ယူပို့ဆောင်ရေးလမ်းကြောင်းအား ထိန်းချုပ်ရန် တိုက်ခိုက်ခြင်းဖြစ်သည့်အပြင် ဖားဆောင်းမြို့နယ် မော်ချီးသတ္တုတွင်းများ လေကြောင်းတိုက်ခိုက်မှုများ သည်လည်း အမိကတော်လှန်ရေးကို အထောက်အကူပြုစေသည့်အတွက် နှောင့်ယှက်တိုက်ခိုက်ခြင်း ဖြစ်သည်။

ဇူလိုင်လ ၂ရက်၊ နံနက် ၁၁:၁၅ မိနစ်တွင် လွိုင်ကော်မြို့နယ်၊ နိုးကိုးကျေးရွာတွင်းသို့ စစ်ကောင်စီမှ ဒရုန်းဖြင့် တိုက်ခိုက်မှုလုပ်ခဲ့ပြီး အဆိုပါဒေသရှိ နေအိမ်တစ်လုံးပျက်စီးခဲ့သည်။

ဇူလိုင်လ ၂ရက်၊ ည ၁၁:၃၀ ဝန်းကျင်အချိန် စစ်ကောင်စီမှ ဒီးမော့ဆိုမြို့နယ် အနောက်ဖက်ခြမ်းရှိ ကျေးရွာတစ်ရွာကို လေကြောင်းဖြင့် ပေါင်၅၀၀ဗုံးနှစ်လုံး ကြဲချခဲ့ခြင်းကြောင့် တောင်သူတစ်ဦး မြေပဲစိုက်ခင်း ပျက်စီးခဲ့သည်။

ဇူလိုင်လ ၄ရက်၊ ညနေ ၅း၄၅ မိနစ်အချိန် လွိုင်ကော်မြို့နယ်၊ ဆောခီးဒေါကျေးရွာတွင်းသို့ စစ်ကောင်စီ၏ လွိုင်ကော်အခြေစိုက် ခမရ ၂၆၀တပ်မှ လက်နက်ကြီး ၆လုံးပစ်ခတ်ခဲ့ခြင်းကြောင့် နေအိမ်တစ်လုံးနှင့် အိမ်သာတို့ ပျက်စီးခဲ့သည်။

ဇူလိုင်လ ၃ရက်မှ ၆ရက်နေ့ ညနေပိုင်းထိ ရှမ်း-ကရင်နီနယ်စပ် မိုးဗြဲမြို့ကို စစ်ကောင်စီမှ ထိုးဖောက်ဝင်ရောက်တပ်စွဲပြီး မြို့ပေါ်ရှိ ပြည်သူနေအိမ် ၂၀ကျော်ကို မီးရှို့ဖျက်ဆီးခဲ့သည်။ ၆ရက် ညအချိန်တွင် စစ်ကောင်စီမှ ဖယ်ခုံမြို့နယ် အနောက်ဘက်ခြမ်း တစ်နေရာကို ပေါင် ၂၀၀ရှိ ဗုံးနှစ်လုံးကြဲချခဲ့ခြင်းကြောင့် အမျိုးသား တစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဇူလိုင်လ ၇ရက်၊ မနက် ၁၀:၃၀ ဝန်းကျင်ခန့်အချိန် လွိုင်ကော်မြို့နယ်၊ ဆောခီးဒေါကျေးရွာတွင်းသို့ စစ်ကောင်စီ၏ လွိုင်ကော်အခြေစိုက် ခမရ ၂၆၀တပ်မှ လက်နက်ကြီး ၃လုံးပစ်ခတ်ခဲ့ခြင်းကြောင့် နေအိမ်တစ်လုံးနှင့် မီးဖိုဆောင်တစ်ခု ထိခိုက်ပျက်စီးခဲ့သည်။

ဇူလိုင်လ ၇ရက်၊ ည ၁၁နာရီအချိန် ဖယ်ခုံမြို့နယ် အနောက်ဘက်ခြမ်းရှိ စစ်ရှောင်စခန်းတစ်ခုကို စစ်ကောင်စီမှ စစ်လေယာဉ်ဖြင့် ပေါင် ၂၀၀ ဝန်းကျင်ရှိ ဗုံး၃လုံးကြဲချခဲ့ခြင်းကြောင့် အသက် ၂၀ကျော်အရွယ် မိဘနှစ်ဦးနှင့် သူတို့၏ကလေး အသက်၄နှစ်အရွယ် စစ်ရှောင်ပြည်သူ ၃ဦး သေဆုံးခဲ့ပြီး ၅ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဇူလိုင်လ ၉ရက်၊ ည ၇:၃၀ မိနစ်အချိန် ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသရှိ လိုလော်ထီးရွာကို စစ်ကောင်စီမှ လေကြောင်းဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အသက်၃နှစ်နှင့် ၈နှစ်အရွယ် မိန်းကလေး ၂ဦး၊ အသက်၂၈နှစ်ရှိ အမျိုးသားနှင့် အမျိုးသမီး ၂ဦး၊ ၅၇နှစ် အမျိုးသမီး၁ဦး မိသားစုဝင် စုစုပေါင်း ၅ဦး သေဆုံးခဲ့ပြီး ကျန်၉ဦး ထိခိုက်ဒဏ်ရာရရှိကာ နေအိမ် ၆လုံး၊ ဘုရားကျောင်းနှင့် ရိပ်သာ ထိခိုက်ပျက်စီးခဲ့သည်။

ဇူလိုင်လ ၁၂ရက်၊ မနက်ပိုင်းအချိန်တွင် စစ်ကောင်စီ၏ လွိုင်ကော်အခြေစိုက် ခလရ ၂၆၁တပ်မှ လွိုင်ကော်-မိုးဗြဲလမ်းမကြီးပေါ်ရှိ ကျေးရွာများကို လက်နက်ကြီးများဖြင့်ရမ်းသမ်းပစ်ခတ်ခြင်းကြောင့် စစ်ရှောင်အမျိုးသား ၁ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဇူလိုင်လ ၁၂ရက်၊ မနက် ၁နာရီဝန်းကျင်အချိန် ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ခြမ်းကို စစ်ကောင်းစီမှ ပေါင် ၂၀၀ရှိ ဗုံး၅လုံးကိုအသုံးပြုပြီး လေကြောင်းတိုက်ခိုက်မှု၃ကြိမ် ပြုလုပ်ခဲ့ခြင်းကြောင့် ဒေသခံအမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ် ၂လုံး၊ ကားတစ်စီး၊ အိမ်သာ နှင့် ရေချိုးခန်းများ ပျက်စီးခဲ့သည်။

ဇူလိုင်လ ၁၄ရက်၊ မနက်အချိန်တွင် လွိုင်ကော်မြို့နယ်၊ လောပိတကျေးရွာအုပ်စု၊ ဆိုလစယ်ရွာ အနီးသို့ ဆိုင်ကယ်မောင်းနှင်းလာသော အမျိုးသားနှစ်ဦးကို စစ်ကောင်စီမှ ပစ်ခတ်ခဲ့ပြီး တစ်ဦးသေဆုံးကာ ကျန်တစ်ဦးကို ဖမ်းဆီးခဲ့သည်။

ဇူလိုင်လ ၁၄ရက်၊ မနက် ၁နာရီဝန်းကျင်အချိန် ဒီးမော့ဆိုမြို့ အနောက်ခြမ်းရှိ နေရာ ၃နေရာကို စစ်ကောင်စီမှ ဂျက်ဖိုက်တာဖြင့် ပေါင် ၂၀၀ဗုံး၄လုံးနှင့် ပေါင် ၅၀၀ဗုံး၃လုံး စုစုပေါင်း ဗုံး၇လုံးကိုကြဲချခဲ့ခြင်းကြောင့် အသက်၂၀ကျော်အရွယ် ဒေသခံ အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိကာ စိုက်ခင်းတချို့၊ အဆောက်အဦး၂လုံးနှင့် ကားတစ်စီး ထိမှန်ပျက်စီးခဲ့သည်။

ဇူလိုင်လ ၁၄ရက်၊ မွန်းလွဲ ၂နာရီအချိန် ဖားဆောင်းမြို့၊ မော်ချီးဒေသကို စစ်ကောင်စီမှ လေကြောင်းဖြင့် ဗုံး၂လုံးကြဲချခဲ့ခြင်းကြောင့် အမျိုးသား၁ဦး၊ အမျိုးသမီး ၅ဦးသေဆုံးကာ ၁၀ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ် ၆လုံးပျက်စီးခဲ့သည်။

ဇူလိုင်လ ၁၅ရက်၊ မနက်၁နာရီ ဝန်းကျင်အချိန် စစ်ကောင်စီမှ ဖားဆောင်းမြို့၊ မော်ချီးဒေသကို လေကြောင်း တိုက်ခိုက်မှု ထပ်မံပြုလုပ်ခဲ့ပြီး အမျိုးသမီး ၅ဦး၊ အမျိုးသား ၁ဦး စုစုပေါင်းအရပ်သား ၆ဦး ထိခိုက်ဒဏ်ရာ ရရှိကာ နေအိမ် ၁လုံးပျက်စီးခဲ့သည်။

ဇူလိုင်လ ၁၇ရက်၊ မွန်းလွဲ ၁:၁၅ မိနစ်အချိန် ဒီးမော့ဆိုမြို့အနောက်ခြမ်းကို လေကြောင်းဖြင့် ဗုံး၁၀လုံးထက်မနည်းကြဲချခဲ့ခြင်းကြောင့် နေအိမ် ၁လုံး၊ ကျောင်းဆောင် ၁လုံးနှင့် စိုက်ခင်းတချို့ပျက်စီးခဲ့သည်။

ဇူလိုင်လ ၁၇ရက်၊ မနက် ၁၀နာရီဝန်းကျင်အချိန် နန်းမယ်ခုံမြို့ရှိ အသက်၃၀အရွယ် အမျိုးသားတစ်ဦး ဆင်ထီးတောင်ပေါ် မျှစ်ရှာနေစဉ်တွင်း မြေမြုပ်မိုင်း နင်းမိကာ ခြေထောက်တစ်ဖက် ဆုံးရှုံးပြီး သေဆုံးခဲ့သည်။

ဇူလိုင်လ ၁၈ရက်၊ မွန်းတည့်၁၂နာရီအချိန် စစ်ကောင်းစီ၏ ဖယ်ခုံ၊ လွိုင်ကော်၊ လွိုင်လင်လေးမြို့ အခြေစိုက်တပ်များမှ ဖယ်ခုံမြို့ အရှေ့ဘက်ကမ်းရှိ ကျေးရွာများကို လက်နက်ကြီးများ ပစ်ခတ်ခဲ့ခြင်းကြောင့် အမျိုးသမီး ၂ဦး၊ အမျိုးသား ၃ဦးသေဆုံးခဲ့ပြီး ၇ဦး ထိခိုက်ဒဏ်ရာရရှိကာ နေအိမ်များနှင့် ဘုရားကျောင်း အဆောက်အဦးတချို့ ပျက်စီးခဲ့သည်။

ဇူလိုင်လ ၂၂ရက်မှစပြီး စစ်ကောင်စီတပ်များသည် မိုးဗြဲ-လွိုင်ကော်လမ်းမကြီးမှ ဒီးမော့ဆိုမြို့ဘက်သို့ စစ်ကြောင်းထိုးလာပြီး လွိုင်ကော်မြို့အနောက်ဘက်ရှိ ကျေးရွာနေအိမ်များကို မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ကြသည်။

ဇူလိုင်လ ၂၅ရက်၊ ည ၁၁နာရီဝန်းကျင်တွင် ဒီးမော့ဆိုအနောက်ဘက်ခြမ်းကို စစ်ကောင်စီတပ်များမှ လက်နက်ကြီး ၇လုံးထက်မနည်း ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ စစ်ကောင်းစီတပ်များမှ လက်နက်ကြီးများ၊ ဒရုန်းများနှင့်ပစ်ခတ်ပြီး နန်းမယ်ခုံမြို့နှင့် ဒီးမော့ဆိုမြို့အနီးသို့ ဆက်လက်ပြီး စစ်ကြောင်းထိုးလာခဲ့သည်။

ဇူလိုင်လ ၂၆ရက်၊ မွန်းလွဲ ၃နာရီဝန်းကျင်တွင် စစ်ကောင်းစီ၏ ခမရ ၁၀၂တပ်မှ ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ခြမ်းကို လက်နက်ကြီး ၃လုံးပစ်ခတ်ခဲ့ခြင်းကြောင့် ပြောင်းခင်းတချို့နှင့် နေအိမ် ၁လုံး ပျက်စီးခဲ့သည်။

**contact persons:**
Khu Ko Reh Tel: +66 65 329 7814
Maw Thue Myar Tel: +66 63 608 3153
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com